# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 7 , 2022 Volume 61, Number 5

၇.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၇၀၀၀ |
| ဒေါ်လာဈေး | = ၂၈၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၅.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



https://news-eleven.com/article/241400

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဒီဇင်ဘာ ၅ ရက်က လက်မှတ်ရေးထိုးခဲ့သည်။ တတိယအကြိမ်မြောက် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဒီဇင်ဘာ ၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးများ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရုရှား-မြန်မာ ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်စပ်အစည်းအဝေးများကို အစီအစဉ်သုံးခုဖြင့် ဆောင်ရွက်ခဲ့ရာ အစီအစဉ် (၁)အရ ကျင်းပသည့် “ဘဏ်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာ” (On prospects for interbank cooperation) နှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr.Alexey Guznov နှင့် ရုရှားနိုင်ငံ၏ အမျိုးသားငွေပေးချေမှုကတ်ကုမ္ပဏီမှဥက္ကဋ္ဌ Mr.Vladimir Komlev တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက်အစီအစဉ် (၂) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရုရှားနိုင်ငံဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on bilateral cooperation between the Bank of Russia and the Central Bank of the Republic of the Union of Myanmar) ကို နှစ်နိုင်ငံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လက်မှတ် ရေးထိုးသည်။

အစီအစဉ် (၃) အရ နှစ်နိုင်ငံဗဟိုဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (Roundtable “Banks and Finance” တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ရုရှားနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr.Alexey Guznov တို့က အမှာစကားများ ပြောကြားကြပြီး နှစ်နိုင်ငံဗဟိုဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများက

ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ တတိယအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင် အစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ရာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နှင့် သဘောတူစာချုပ် ခုနှစ်ခု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Source: https://news–eleven.com/article/241400

## ပြည်တွင်း၌ ဝါပေါ်ချိန် ဈေးကောင်းမရ




လက်ရှိ ဝါလှိုင်လှိုင်ပေါ်ချိန်ဖြစ်နေသော်လည်း ဈေးကျဆင်းနေကြောင်း ဝါစိုက်ပျိုးသူများနှင့် ဝါဝယ်ရောင်းလုပ်ကိုင်သူများထံမှသိရသည်။ ပြီးခဲ့သည့်နှစ်များဖြင့် ယှဉ်ပါက လက်ရှိဝါဈေးမှာ အကျဘက်သို့ ရှိနေပြီး ယခင်နှစ်များက ဝါတစ်ပိဿာလျှင် ၃၅၀၀ နှင့်အထက်တွင်ရှိခဲ့ကြောင်းသိရသည်။

လက်ရှိ ပြည်တွင်း၌ ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ၂၈၅၀ ကနေ အမြင့်ဆုံး ၃၀၀၀ ထိသာ ပေါက်ဈေးရှိခဲ့ပြီး ဝါဈေးမှာ ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းများ ကွာဟကာ အရောင်းဝယ်ဖြစ်နေကြကြောင်း သိရသည်။

“ဝါက နှမ်းနဲ့ တွဲစိုက်တာ ၅ လပိုင်းကတည်းက စစိုက်တာ အခုက ဝါပေါ်ချိန်ပေါ့နော်။ ဒီနှစ် ဝါဈေးက မကောင်းဘူး။ အရောင်းအဝယ်လည်းအေးတယ်။ ဝါလှိုင်လှိုင်ပေါ်ချိန်မလို့ ဈေးမရတာ။ ဒါပေမဲ့ ဈေးကအပေါ်မှာပဲ ရှိသေးတာဆိုတော့ လှောင်တဲ့သူတွေတော့ လာအုံးမှာပါ။ ဈေးက ထပ်တက်ဖို့တော့ရှိမှာမဟုတ်လောက်တော့ဘူး”ဟု အောင်လံမြို့မှ ဝါလုပ်ငန်း လုပ်ကိုင်သူ ဦးအောင်မိုးကပြောသည်။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဝါအထွက်နှုန်းလျော့ကျလျက်ရှိကာ ဈေးနှုန်းကျနေသည့်အပြင် အရောင်းအဝယ်မှာလည်း အေးနေကြောင်းလည်း ဝါစိုက်တောင်သူများထံမှသိရသည်။ “နောက်ပိုင်း ဝါဈေးကို သုံးသပ်ရမယ် ဆိုရင် ဝါရဲ့ အလားလာကိုမကြိုက်ဘူး။ အဆင်မပြေလောက်ဘူး။ အမြင့်ဈေးကနေ ရောက်လာရင် ဘယ်ဟာမှမခိုင်ပါဘူး အကျဘက်ကိုရောက်သွားတယ်”ဟု ဝါလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံက ဝါကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် တရုတ်-မြန်မာနယ်စပ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်နယ်စပ်မှတဆင့် ကြံ၊ ရော်ဘာ၊ ဝါဂွမ်းနှင့် လျှော်ဖြူတို့အား ပြန်လည် တင်သွင်းခွင့်ပြုထားကြောင်းလည်းသိရသည်။

ဝါကို ဂွမ်းထုပ်အဖြစ် စက်များဖြင့်ဖိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရသည်။ သို့သော် ဈေးကွက်မတည်ငြိမ်သဖြင့် ဈေးကောင်းမရှိခဲ့ကြောင်းလည်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ ဝါဂွမ်း တင်ပို့မှုမှာ ၉၁၇၂ ဒသမ ၂၀ တန်ထိ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနမှ သိရသည်။ ပြည်တွင်း၌ ဝါမှာ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်းမှာ စတင် ထွက်ပေါ်ကာ ဇန်နဝါရီလမှ ဧပြီလလယ်အထိ ထွက်ပေါ်ကြောင်း သိရသည်။

ပြည်တွင်း၌ ဝါကို မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ရှိ မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြပြီး အစိုးရအနေဖြင့်လည်း ဝါကို အရေးကြီးကုန်အဖြစ် သတ်မှတ်ထားကြောင်းလည်းသိရသည်။ ဝါသီးနှံနှင့် ဝါဂွမ်းတို့ကို ဈေးကွက်အတွင်းဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း ဒါမှမဟုတ် ဈေးကစားဖို့ရည်ရွယ်ပြီး သိုလှောင်တာတွေကို တားမြစ်လိုက်ထားကြောင်းလည်း သိရသည်။

**Source: AMIA**

## (၅၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံနှင့် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေးကျင်းပ



https://www.myawady.net.mm/node/33755

အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks (SEACEN) Research and Training Centre)နှင့် ကမ္ဘောဒီးယားနိုင်ငံ ဗဟိုဘဏ်တို့မှ ကြီးမှူး၍ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ဒီဇင်ဘာ ၅ ရက်တွင် (၅၈) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (58th SEACEN Governors' Conference/ High Level Seminar) နှင့် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေး (42nd SEACEN Board of Governors–BOG Meeting) သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်ခဲ့သည်။

နံနက်ပိုင်းတွင် (၅၈) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များ အဖွဲ့၏ ဂါဗာနာများညီလာခံ (58th SEACEN Governors' Conference/ High Level Seminar)ကို ကျင်းပရာ ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Chea Chanto နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် "Current Policy Challenges" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဥရောပဗဟိုဘဏ် (European Central Bank–ECB) ၏ အကြီးအကဲ Ms. Christine Lagarde၊ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ Dr. Larry Summers၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS) ၏ ဒုတိယအထွေထွေမန်နေဂျာ Dr. Luiz Pereira da Silva နှင့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Ravi Menon တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် "The Global and Asia Economic Context" နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) ၏ အာရှပစိဖိတ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Sanjaya Panth ကတင်ပြပြီး တင်ပြချက်အပေါ် ထိုင်းနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ Dr. Sethaput Suthiwartnarueput၊ ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ ဒုတိယအမှုဆောင် အရာရှိချုပ် Mr. Darryl Chanနှင့် အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr. Dody Waluyo တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် "Transition Challenges and Scaling Up Climate Financing"နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေရေးကြေးရေးနှင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး Dr. Fabio Natalucci က တင်ပြပြီး တင်ပြချက်အပေါ် ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Felipe Medalla နှင့် Institute of Finance and Sustainability ၏ အကြီးအကဲ Dr. Ma Jun တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌ များနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ (42nd SEACEN Board of Governors–BOG) အစည်းအဝေးကို ဆက်လက်ကျင်းပရာ SEACEN အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami က SEACEN စင်တာ၏ ၂၀၂၂ ခုနှစ်အတွင်း နည်းဗျူဟာအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာအခြေအနေ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများ၊ ၂၀၂၃ ခုနှစ် အတွက် အဆိုပြုဘတ်ဂျက်လျာထားမှုနှင့် အခြား စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှုခံယူရာ အဖွဲ့ဝင်ဗဟိုဘဏ်(၁၉)ဘဏ်တို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33755

## ဝါးတန်းဆန် ကုန်စည်ဒိုင်သို့ ရွှေဘိုနှင့်ရေဝတီပေါ်ဆန်းဆန် အသစ်များဝင်ရောက်နေပြီး လက်လီဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေ



https://www.myawady.net.mm/eco

ရန်ကုန်မြို့ရှိ ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ ရွှေဘိုနှင့်ပေါ်ဆန်းဆန်အသစ်များ ဝင်ရောက်နေပြီး လက်လီဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း (ဝါးတန်းဆန်ကုန်စည်ဒိုင်) တွဲဖက်အတွင်းရေးမှူး ဦးဇော်ခိုင်၏ပြောပြချက်အရ သိရသည်။ ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ နိုဝင်ဘာလလယ်မှ ဆန်အသစ်များ စတင်ဝင်ရောက်နေပြီး ယခုရက်ပိုင်းအတွင်း စပါးများ ပိုမိုခြောက်လာသည့်အတွက် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ မှ ၅၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းပိုမိုရရှိလာကြောင်း သိရသည်။

"ပေါ်ဆန်းဆန်အသစ်တွေ စပေါ်တဲ့ အချိန်မှာ လက်လီရောင်းအားကောင်းပါတယ်။ စပေါ်ပြီးတော့ စပါးနည်းနည်း ပိုခြောက်လာတော့ ဈေးပိုရလာတယ်"ဟု ဦးဇော်ခိုင်က ပြောသည်။ လက်ရှိတွင် ပေါ်ဆန်းစပါးဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်းခွဲနှင့် ကျားပျံစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၆ သိန်းခွဲ အထိ ဈေးနှုန်းရှိကာ စပါးဈေးနှင့် ဆန်ဈေးညီမျှမှုမရှိ၍ စက်ပိုင်များမှာ တွက်ခြေကိုက်မှု နည်းပါးသော်လည်း ပုံမှန်ကြိတ်ခွဲနေကြောင်း သိရသည်။

လတ်တလောတွင် ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၅ ရက်က ဆန်နှင့်ဆန်ကွဲအိတ်ရေ ငါးသောင်းကျော် ဝင်ရောက်ပြီး ပြီးခဲ့သည့်ရက်များက အိတ်ရေသုံးသောင်းဝန်းကျင် ဝင်ရောက်ခဲ့သည်။ ထို့ပြင် ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ လက်ရှိဝင်ရောက်နေသည့် ဆန်များမှာ ဆန်အသစ်များဖြစ်သည်။

ဒီဇင်ဘာ ၅ ရက်က ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ မြောင်းမြ၊ ကျိုက်လတ်၊ ဘိုကလေးနှင့်မော်လမြိုင် ကျွန်းမြို့နယ်တို့မှ ဝင်ရောက်သည့် ပေါ်ဆန်းအမျိုးအစား ဆန်တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀ မှ ၅၅၀၀၀ အထိနှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း စသည့်မြို့နယ်များမှ ဝင်ရောက်သည့် ကျားပျံတစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀ မှ ၆၂၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်အသစ် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ မှ ၆၉၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းဆန်အဟောင်း တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၉၇၀၀၀ အထိ ဈေးနှုန်းအသီးသီးရှိနေကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/eco

## ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားလုပ်ငန်း ၃၀၅ ခုကို မှတ်ပုံတင် ထုတ်ပေးထား



Source: ရတနာပုံသတင်းစာ

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်စေရန်အတွက် အသေးစားလုပ်ငန်း ၃၀၅ ခုကို မှတ်ပုံတင်ထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့(ဒီဇင်ဘာလ ၆ ရက်) တွင် စားသောက်ရေးဆိုင်ရာလုပ်ငန်း ၁၄၅ ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း ၃ ခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၇ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၅၂ ခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာလုပ်ငန်း ၁ ခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၁၀ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း ၂ ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၂ ခု၊ အထွေထွေ အသေးစားစက်မှုလုပ်ငန်း ၇၃ ခု စုစုပေါင်း လုပ်ငန်းမှတ်ပုံတင် ၃၀၅ ခုကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ယခုလအတွင်း လုပ်ငန်းမှတ်ပုံတင် ၅၀ ကို စိစစ်ပြီး ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၉၀ ကျော်လျှာထားပြီးတော့ ထုတ်ပေးသွားမှာပါ။ ယခုအချိန်ထိ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးတာ ၃၀၅ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ ဆက်လက်ပြီး ထုတ်ပေးသွားမှာပါ။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးပါတယ်။ ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးနေတာပါ" ဟု ဦးဝင်းဗိုလ်ကပြောပြသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနေသည့် လုပ်ငန်းအမျိုးအစားများမှာ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့



Source: ရတနာပုံသတင်းစာ

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း မြန်မာ့ကုန်သွယ်မှုကဏ္ဍအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀၈၂၀ ဒသမ ၇၂၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၁၃၈၅ ဒသမ ၃၃၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၃၀၆ ဒသမ ၀၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်ကဏ္ဍအနေဖြင့် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၇၂၀ ဒသမ ၆၃၀ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၈၈ ဒသမ ၇၄၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၀၉ ဒသမ ၃၇၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အဆိုပါ ကာလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၈၂၀၀ ဒသမ ၀၉၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၄၉၆ ဒသမ ၅၉၁ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉၆ ဒသမ ၆၈၁ သန်းဖိုးဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၀၈၇ ဒသမ ၃၀၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ကာလအတွင်းတွင် ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပို့ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဝယ်သူဈေးကွက်ဖြစ်နေဆဲ မတ်ပဲ

ရောဝတီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းများဟာ ယခင်လအတွင်းက တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်ရှိခဲ့ပေမယ့် နိုဝင်ဘာလကုန်ပိုင်းကနေစပြီး တစ်တင်းလျှင် ကျပ် ၆၀၀၀၀ အောက်ကို သိသိသာသာ ကျဆင်းလာတာတွေ့ရပါတယ်။

ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင်တော့ ယခင်နှစ်က ဒီလိုအချိန်မှာ မတ်ပဲ တစ်တင်း လျှင် ကျပ် ၃၃၀၀၀ ဝန်းကျင်ရှိခဲ့တာဖြစ်ပြီး ယခုနှစ်မှာ ဈေးပိုရနေတယ်ထင်ရပေမယ့် ဒါဟာ ယခင် နှစ်ကာလထက် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေတာကြောင့်လည်း ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးရဲ့ တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းများကတော့ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ တစ်တင်းလျှင် ကျပ် ၅၆၁၀၀ ဖြစ်ပြီး၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ကျပ် ၅၅၅၀၀၊ ၂ ရက်နေ့မှာ ကျပ် ၅၆၃၀၀၊ ၃ ရက်နေ့မှာ ကျပ် ၅၆၃၀၀၊ ၅ ရက်နေ့မှာ ကျပ် ၅၆၂၀၀ ၊ ၆ ရက်နေ့မှာ ကျပ် ၅၅၈၀၀ ကျပ် အသီးသီးဖြစ်ခဲ့ပါတယ်။

မတ်ပဲ CNF ဈေးနှုန်းအပြောင်းအလဲမရှိ ကျဆင်းနေခြင်းကြောင့် မတ်ပဲဈေးနှုန်းများအကျ ဘက်တွင် ဆက်ရှိနေကြောင်း Agri World Mumbai ကတင်ပြထားပါတယ်။ မြန်မာဘက်က မတ်ပဲ ရောင်းလက်တွေကတော့ လက်ထဲမှာ မတ်ပဲဟောင်းလက်ကျန် တန်ချိန် ၁ သောင်းခွဲဝန်းကျင် ရှိနေတာမို့လို့ ရောင်းလိုအား အားသာနေပြီး ယခုနှစ် မတ်ပဲစိုက်ရာသီမှာယခင်နှစ်ကထက် စိုက်ဧက တိုးလာနိုင်တယ်လို့ မျှော်လင့်ထားကြပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ဆောင်းရာသီရောက်ရှိနေပြီဖြစ်ပေမယ့် မျှော်လင့်သလိုဖြစ်မလာခဲ့ပါဘူး။

မတ်ပဲအရောင်းအဝယ်က အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်းပဲခွဲစက်တွေရဲ့ လိုအပ်ချက်ပေါ် မူတည် နေပါတယ်။ လက်ရှိမှာလဲ စက်တင်ဘာလကနေ ဒီဇင်ဘာလအတွင်းစိုက်ပျိုးတဲ့ ဆောင်းသီးနှံ 60%-70% ဟာလည်း ဈေးကွက်ထဲဝင်လာနေပြီ ဖြစ်ပါတယ်။ မတ်ပဲဈေးနှုန်းကတော့ မြန်မာမတ်ပဲ ဈေးကွက်ရဲ့ CNF ပေါက်ဈေး၊ အိန္ဒိယ ရူပီးငွေတန်ဖိုး၊ အိန္ဒိယနဲ့ မြန်မာနိုင်ငံတောင်ပိုင်းဒေသများရဲ့ ရာသီဥတုအခြေအနေတွေအပေါ်မှာ ဆက်လက်မူတည်နေဦးမှာပါ။ အိန္ဒိယရဲ့ စိုက်ပျိုးရေး ဝန်ကြီးဌာနကတော့ သူတို့ရဲ့ပြည်တွင်းစိုက်မတ်ပဲ 2.94 တန် ဝယ်ယူထားပြီးပြီ လို့အတည်ပြုပါတယ်။ အရည်အသွေးကောင်း မတ်ပဲကို MSP နှုန်းထက်ဈေးပေးဝယ်ယူပါတယ်။ NAFED ကတော့ မဟာရပ်ရှ်ထရာပြည်နယ်မှာ MSP နှုန်းအတိုင်း တကွမ်တယ်ကို Rs 6600 နဲ့ မတ်ပဲ 9 တန် ဝယ်ယူထားကြောင်း Agri World Mumbai ကဖော်ပြထားပါတယ်။

**Source: ဧရာကုန်သွယ်မှုဗဟိုဌာန**

## စစ်တွေကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အတွင်း ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၆-၁၁-၂၀၂၂) မှ (၂-၁၂-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ အုန်းသီးခြောက်၊ ဓနိဖတ်၊ ဂျင်း(အစို)၊ ထန်းလျက်၊ စစ်တုံဥ၊ ငါးကုန်းညိုခြောက်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးမြစ်ချင်းနှင့် ဓနိယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၄၅၆၀၉ ဒသမ ၆၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ် ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် စစ်တုံဥ တန်ချိန် ၆၅ တန်တင်ပို့ ခဲ့ပါသည်။ ယခင်အပတ်မှာ စစ်တုံဥ တန်ချိန် ၂၈၅ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင်စစ်တုံဥတန်ချိန်တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရပါသည်။ယခုအပတ်စစ်တုံဥ တင်ပို့ နိုင်မှု ငွေပမာဏမှာ ၆၈၂၅ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လုပ်ငန်းသုံး ကုန်ပစ္စည်းများအနေဖြင့် JUTE BAG နှင့် PLASTIC WATER TANK တို့ကိုတင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၁၀၀၀ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (7.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 0 | 0 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | -100 | -2.94% | 3,300 | 3,300 | 3,250 | 3,101 | 10,228,300 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 43 | 331,100 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 772 | 14,696,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 328 | 852,800 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 155 | 403,250 | 19,977,223 | 52,940 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 30 | 150,000 | 10,497,598 | 52,488 |


### Market summary

As of 7th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.85 | -2.74 | -0.68% | 400.36 | 400.36 | 398.87 | 4,429 | 26,661,450 | 7 | 695,589 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 7th Dec. 2022

| MYANPIX | 399.85 ▼ 2.74 |
|---|---|
| Total Volume (shares) | 4,429 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 695,589 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,650 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |